# ဝိရောဓိ သဘောဆောင်သည့် ပညတ်ချက်များ

ParadoxicalCommandments

By Kent M. Keith

*(ဤအချက်အလက်များ၏ မိတ္တူကို မာသာထရီဇာ၏ အိမ်နံရံတွင် ကပ်ထားခဲ့သည့်အလျောက် ၎င်းကို မာသာထရီဇာက ရေးသားခဲ့သည်ဟု ထင်ကြသည်။ သို့သော် အမှန်အားဖြင့် ၎င်းကို သူအသက် (၁၉)နှစ်အရွယ်တွင် Kent က ရေးသားခဲ့ပြီး ဟားဗတ်တက္ကသိုလ်ကျောင်းသား အေဂျင်စီက ၁၉၆၈ခုနှစ်တွင် ပထမဦးဆုံးအကြိမ် ထုတ်ဝေခဲ့သည်။)*

လူတို့သည် မကြာခဏဆိုသလို ဆင်ခြင်တုံတရားကင်းကာ၊ ကျိုးကြောင်းမဆီလျော်၊ အတ္တဆန်တတ်ကြသည်။ မည်သို့ပင်ဖြစ်စေ ၎င်းတို့အား ခွင့်လွှတ်ပါ။

သင်သည်ကြင်နာပါက လူများသည် သင့်ကို တကိုယ်ကောင်းဆန်ပြီး အတွင်းကျိတ်အကြံအစည်ရှိသူအဖြစ် စွပ်စွဲကြပေမည်။ မည်သို့ပင်ဖြစ်စေ ကြင်နာပါ။

သင်သည် အောင်မြင်လျှင် မိတ်ဆွေအတုအယောင်အချို့နှင့် ရန်သူအစစ်အမှန်အချို့ကိုရမည်။ မည်သို့ပင်ဖြစ်စေ အောင်မြင်အောင် ပြုပါ။

သင်သည် ရိုးသားဖြူစင်ပြီး ပွင့်လင်းပါက လူများ သင့်အား လိမ်ညာလှည့်ဖြားနိုင်သည်။ မည်သို့ပင်ဖြစ်စေ ရိုးသားဖြူစင်ပြီး ပွင့်လင်းပါ။

နှစ်ပေါင်းများစွာ သင်တည်ဆောက်ခဲ့သောအရာကို တစ်စုံတစ်ဦးက ညတွင်းချင်း ဖျက်ဆီးပစ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ တည်ဆောက်ပါ။

ကြည်လင်အေးချမ်းမှုနှင့် ပျော်ရွှင်မှုကို သင်ရှာဖွေတွေ့ရှိလျှင် အခြားသူတို့က မနာလိုဝန်တိုဖြစ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ ပျော်ရွှင်ပါ။

သင်ယနေ့ပြုသော ကောင်းမှုကို လူများက မကြာခဏဆိုသလို နောက်တနေ့တွင် မေ့ပျောက်သွားလိမ့်မည်။ မည်သို့ပင်ဖြစ်စေ ကောင်းမှုကို ပြုပါ။

မိမိ၌ရှိသော အရာများထဲမှ အကောင်းဆုံးကို ကမ္ဘာလောကကြီးအားပေးပါ။ သည့်တိုင်အောင်၎င်းက ဘယ်သောအခါမျှ လုံလောက်လိမ့်မည်မဟုတ်။ မည်သို့ပင်ဖြစ်စေ မိမိ၌ရှိသော အရာများထဲမှ အကောင်းဆုံးကို ကမ္ဘာလောကကြီးအား ပေးပါ။

သင်မြင်သည့်အတိုင်းဘဲ . . . နောက်ဆုံး ခွဲခြမ်း၊ စိတ်ဖြာ၊ လေ့လာချက်တွင် အရာရာက သင်နှင့် ဘုရားသခင်ကြားတွင်သာဖြစ်သည်။ ဤအခြင်းအရာက ဘယ်သောအခါကမျှ သင်နှင့်သူတို့ကြား မဟုတ်ခဲ့ပါ။

ကမ္ဘာလောကကြီးကို သင်မပြောင်းလဲနိုင်ဟု သင်ပြောသလား? ဤသို့ပြုလုပ်ရန် အလွန်နောက်ကျနေ၊ အလွန်ဆိုးဝါးနေ၊ အလွန်ကြီးမားနေ၊ အလွန်ခက်ခဲနေပါသလား?ကောင်းပြီ. . . ကမ္ဘာကြီးနှင့်ဆိုင်သော သင့်အပိုင်းကို သင့်အနေနှင့် ကြိုးစားပြီး ပြောင်းလဲလျှင် မကောင်းပေဘူးလား?

သင်၏ ကိုယ်ပိုင်စိတ်၊ ကိုယ်ပိုင်နှလုံးသား၊ ကိုယ်ပိုင်ဝိညာဉ်၊ ကိုယ်ပိုင်ဘဝအသက်တာတို့ဖြင့်အစပြုခြင်းကမကောင်းပေဘူးလား?သင့်ဘဝအသက်တာကို ပြောင်းလဲလိုလျှင်ပင် သင်သည် မိမိနေထိုင် အသက်ရှင်နေသည့် ရပ်ဝန်းတစ်ခုလုံးကို ပြောင်းလိုက်ပြီဖြစ်သည်။ ဘုရားရှင်၏ ချစ်ခြင်းမေတ္တာတန်ခိုးတော်အားဖြင့် မိမိကိုယ်ကို ပြောင်းလဲစေပါကသင့်နေရာနှင့် သင့်ပတ်ဝန်းကျင်သည်လည်း ပြောင်းလဲလိမ့်မည်။

ဒေးဗစ်ဘရန့်ဘာ့(ဂ)

# ငါက တစ်ယောက်တည်း

By Zig Ziglar

**အာရုံ စူးစိုက်ရာ ဗဟိုချက်ပေါ်**

မည်သည့်ရေနွေးငွေ့ သို့မဟုတ် ဓါတ်ငွေ့မဆိုလှောင်ပိတ်ထားခြင်းကိုမခံရဘဲ ဘယ်အရာကိုမျှ မမောင်းနှင်နိုင်ပါ။ နိုက်ဂါးရားကဲ့သို့သော မည်သည့်ရေတံခွန်ကိုမဆို ကျဉ်းမြောင်းသည့် နေရာထဲသို့ ဖြတ်သန်းစီးဆင်းစေခြင်း မပြုမခြင်းအလင်းနှင့် စွမ်းအင်အဖြစ်သို့ မပြောင်းလဲနိုင်ပါ။ မည်သည့်ဘဝအသက်တာမဆို ၎င်းပေါ် အာရုံစူးစိုက်ခြင်းမရှိ၊ဆက်ကပ်မြုပ်နှံမှုမရှိ၊ စည်းကမ်းသေဝပ်မှု မရှိမခြင်း ကြီးမြတ်သော ဘဝအသက်တာအဖြစ် မကြီးထွားလာနိုင်ပါ။

Harry Emerson Fosdisk

မည်သူက ရေးခဲ့မှန်းမသိသော ဤကဗျာလေးကို ကျွန်တော်နှစ်သက်သည်။

ဘုရားရှင်က ပို၍ကောင်းမွန်သော ကမ္ဘာတစ်ခုကို တည်ဆောက်ရန် ပြောခဲ့ရာ
ကျွန်တော်က "ဘယ်လိုလုပ်ရမလဲ" ဟု မေးခဲ့သည်။
ကမ္ဘာကြီးက ရက်စက်ပြီး နှလုံးသားကင်းမဲ့သော နေရာတစ်ခုဖြစ်ရာ
ကျွန်တော်က အလွန်တရာသေးငယ်ပြီး အသုံးမဝင်သောကြောင့်၊
လုပ်နိုင်သောအရာ ဘာမျှမရှိပါ။
သို့သော်လည်း သူ၏ အလုံးစုံသော သိနားလည်ခြင်းဉာဏ်ပညာဖြင့် ဘုရားရှင်က ဆိုခဲ့ရာမှာ၊
"ပို၍ကောင်းသော 'သင်' ကိုသာ တည်ဆောက်ပါ"။

အလုပ်မပါသောကြွယ်ဝချမ်းသာခြင်း၊အသိတရားရှေ့မှသွားသောသာယာပျော်ရွှင်မှု၊အကျင့်စာရိတ္တကင်းမဲ့သော ဗဟုသုတ၊အကျင့်သိက္ခာမရှိသော ရောက်ဝယ်ဖောက်ကားမှု၊ လူ့စရိုက်၊ လူ့သဘာဝနှင့်ကင်းကွာသော သိပ္ပံပညာ၊ စွန့်လွှတ်မှုမပါဝင်သော ကိုးကွယ်မှု၊ မူဝါဒကင်းမဲ့သော နိုင်ငံရေးစသည်တို့ကို ကမ္ဘာလောကကြီးထဲမှ အပြစ်ကြီး ခုနှစ်ပါးအနေနှင့် ထုတ်ဖော်ပြသခဲ့သော မဟတ္တမဂန္ဒီ၏ စကားကို ကျွန်တော်တို့ ဂရုတစိုက် သတိပြုခြင်းအားဖြင့် စတင်နိုင်ပါသည်။

ဤစကားများက ကျွန်တော်တို့ သတိထားဘို့ရာ အကြောင်းအရင်း ဖြစ်လာရသည်။ သို့သော် ကျွန်တော်တို့အနေနှင့် "ငါတစ်ယောက်တည်း"ဟု ခံစားမိသည့်တိုင် မိမိတို့လုပ်နိုင်သည့် အရာတစ်ခု ရှိပါသည်။ အဖြေကလည်း အထက်ဖော်ပြခဲ့သည့် အချက်အလက်များတွင် ရှိနေပြီဖြစ်သည်။ သင့်အနေနှင့် "ပို၍ကောင်းသော 'သင်' ဖြစ်လာအောင်သာ တည်ဆောက်ပါ"။ ကျွန်တော်တို့အားလုံး ထိုအရာကို ပြုလုပ်ခဲ့လျှင် ပို၍ကောင်းမွန်သော ကမ္ဘာတစ်ခုကို ရရှိပေလိမ့်မည်။

# ထူးဆန်းအံ့သြဖွယ်ရာအမှုတစ်ခု၏ကုန်ကျစရိတ် The cost of a Miracle

သူမ၏ မိဘနှစ်ပါးက သူမ၏ မောင်လေးဖြစ်သူ အင်ဒရူး၏အကြောင်း ပြောဆိုနေသည်ကို ကြားလိုက်ရသည့်အချိန်တွင် တက်(စ)သည် အရွယ်နှင့်မလိုက်အောင် အသိဉာဏ်ဖွံ့ဖြိုးသော (၈)နှစ်သမီးအရွယ် ဖြစ်ခဲ့သည်။ သူမသိခဲ့သမျှဆိုလျှင် သူသည် အလွန်နေမကောင်းဖြစ်နေပြီး မိဘများ၏ လက်ထဲ၌လည်း လုံးဝ ပိုက်ဆံမရှိ ဖြစ်နေခဲ့သည်။ ဆေးဝါးကုန်ကျစရိတ်များနှင့် အိမ်အ တွက် ငွေမရှိသောကြောင့် လာမည့်လတွင် အိမ်ခန်းတွဲများသို့ သူတို့ ပြောင်းရွှေ့ရတော့မည်ဖြစ်သည်။ အကုန်အကျများလှသော ခွဲစိတ်ကုသခြင်းကသာ အင်ဒရူးကို ကယ်နိုင်တော့မည်ဖြစ်ရာ အခြေ–အနေကို ကြည့်ရသည်မှာ သူတို့အား ငွေချေးရန် တစ်စုံတစ်ဦးမျှ မရှိသလို ဖြစ်နေခဲ့သည်။ သူမ၏ဖခင်က မျက်ရည်ကျနေသော မိ–ခင်အနား ကြံရာမရဖြစ်ကာ တိုးတိုးတိတ်တိတ်ပြောလိုက်သံကို သူမကြားလိုက် သည်။ “ထူးဆန်းတဲ့အကြောင်းအရာကသာ သူ့ကို ကယ်နိုင်တော့ မယ်”။

တက်(စ)က သူမ၏ အိပ်ခန်းထဲ ဝင်ရောက်ကာ ဖွက်ထားသည့် ဖန်ဂျယ်လီပုလင်းကို ထုတ်ယူလျက် အထဲမှ အကြွေစေ့များကို ကြမ်းပြင်ပေါ်သို့ သွန်ချလိုက်ခါ သုံးကြိမ်တိုင်တိုင် အသေအချာ ရေတွက်ခဲ့သည်။ စုစုပေါင်းက အမှားအယွင်းမရှိ အတိအကျဖြစ်ရမည်။ ဤနေရာတွင် အမှားမခံနိုင်။

ထို့နောက် အကြွေများကို သေသေချာချာ ဖန်ပုလင်းထဲ ပြန်ထည့်၍ အဖုံးကို လှည့်ပိတ်လိုက်ခါ နောက်ဖေးတံခါးပေါက်မှ တိတ်ဆိတ်စွာ ထွက်လိုက်ပြီး ထိုနေရာမှ နေအိမ်အကွက် (၆)ကွက်စာခန့်တွင် တံခါးပေါ် ကြီးမားသည့် လူနီရိုင်းခေါင်းဆောင်အမှတ်အသားရှိသည့် Rexall ၏ ဆေးဆိုင်ရှိရာသို့ လျှောက်လာခဲ့သည်။

ဆေးဝါးဖော်စပ်သူက သူမကို သတိပြုမိရန်အတွက် သူမက စိတ်ရှည်လက်ရှည်ဖြင့် စောင့်ဆိုင်းနေခဲ့သော်လည်း ထိုသူက အလုပ်အလွန်များနေခဲ့ရာ တက်(စ)က သူမခြေထောက်များကိုလိမ်လျက် ရှုပ်တိုက်သည့်အသံများ ပြုလိုက်သည်။ ဘာမျှ မထူးခြားခဲ့။ မိမိအတတ်နိုင်ဆုံး ရွံ့ရှာဖွယ်ရာ လည်ချောင်းရှင်းသံကိုပြုလျက် အသံပေးလိုက်ပြန်သည်။ ပို၍ ထူးမလာ။ နောက်ဆုံး ဖန်ပုလင်းထဲမှ မတ်စေ့ အကြွေစေ့တစ်စေ့ကို ထုတ်ယူခါ မှန်ကောင်တာပေါ်သို့ ဆောင့်ချလိုက်သည်။ ဤတစ်ကြိမ်တော့ အလုပ်ဖြစ်သွားခဲ့သည်။

“ဒါနဲ့ မင်းက ဘာလိုချင်လို့လဲ?” ထိုလူက စိတ်အနှောက်အယှက် ဖြစ်သွားခဲ့ရသည့်လေသံဖြင့် မေးလာခဲ့သည်။ “မတွေ့ရတာ ကြာပြီဖြစ်တဲ့ ချီကာဂိုမြို့က ငါ့ညီနဲ့ စကားပြောနေတာ”၊ သူ့အမေး၏ အဖြေကို စောင့်မနေတော့ဘဲ တဆက်တည်း ပြောချလိုက်သည်။

“ ကျွန်မ မောင်လေးနဲ့ ပတ်သက်ပြီး ပြောချင်လို့ပါ” အလားတူစိတ်အနှောက်အယှက်ဖြစ်သွားခဲ့ရသည့်လေသံဖြင့်တက်(စ)က ပြန်လည်ဖြေကြားလိုက်ရင်း “သူတကယ့်ကို နေမကောင်းဖြစ်နေတယ်။ ဒါကြောင့် ကျွန်မ ထူးဆန်းအံ့သြဖွယ်ရာ အဖြစ်တစ်ခုကို ဝယ်ချင်တယ်”။

“မင်းဘာပြောလိုက်တာလဲ?” ဆေးဖော်စပ်သူက အံ့အား သင့်သွားသည်။

“သူ့နာမည်က‘အင်ဒရူး’ဘဲ၊သူ့ခေါင်းထဲမှာဆိုးဝါးတဲ့ အရာတစ်ခုက ကြီးထွားနေတယ်။ အဲဒါ ထူးဆန်းအံ့သြစရာအဖြစ် တစ်ခုကသာလျှင် အခု သူ့အသက်ကို ကယ်တင်နိုင်တော့မယ်။ ဒါကြောင့် အဲဒီ ထူးဆန်းအံ့သြစရာတစ်ခုကို ဘယ်လောက်ပေးရမလဲ?”

“ ငါတို့ အဲဒီ ထူးဆန်းအံ့သြစရာတွေကို ဒီမှာ မရောင်းဘူး။ စိတ်မကောင်းပါဘူးကွာ။ ဒါပေမဲ့ ငါမင်းကို မကူညီနိုင်ဘူး”၊ ဆေးဖော်စပ်သူက အနည်းငယ် နှုးညံ့ပျော့ပျောင်းလာခဲ့ရသည်။

“ဒီမှာ . . . အဲဒီအတွက်ပေးဖို့ ကျွန်မမှာ ပိုက်ဆံရှိပါတယ်။ ဒါမှ မလုံလောက်သေးဘူးဆိုရင် ကျွန်မ ကျန်တာတွေကို ယူပေးမယ်။ ဘယ်လောက်ကျသလဲဆိုတာကိုသာ ကျွန်မကိုပြော”၊

ဆေးဖော်စပ်သူနှင့် ညီအစ်ကို တော်စပ်သူက အဝတ်အစား သားသားနားနားဝတ်ဆင်ထားသူဖြစ်ပြီး ၄င်းက ကိုယ်ကို ကိုင်းလိုက်ခါ မိန်းခလေးငယ်ကို မေးလိုက်သည်။ “မင်းမောင်လေးက ဘယ်လို ထူးဆန်းအံ့သြစရာမျိုးကို လိုအပ်နေသလဲ?”. . . မျက်ဝန်းထဲ မျက်ရည်များ ဝိုင်းလာခဲ့ရာမှ တက် (စ)က

“သူတကယ် နေမကောင်းဘူးဆိုတာကိုသာ ကျွန်မသိတယ်၊ မေမေက သူခွဲစိတ်ကုသဖို့ လိုနေတယ်လို့ပြောတယ်။ ဒါပေမဲ့ အဲဒီအတွက် ဖေဖေက မပေးနိုင်ဘူး၊ ဒါကြောင့် ကျွန်မ ပိုက်ဆံကို သုံးချင်တယ်”။ ချီကာဂိုမြို့မှလူက “မင်းမှာ ဘယ်လောက်ရှိသလဲ”. . .ဟုမေးရာ “တစ်ဒေါ်လာနဲ့ ဆယ့်တစ်ဆင့်”တက်(စ)က လေသံ ဖြင့် ကြားရရုံမျှသာ ဖြေနိုင်ခဲ့သည်။ “ ဒါ ကျွန်မရှိတာအကုန်ဘဲ၊ ဒါပေမယ့် လိုအပ်လာရင် ကျွန်မ ထပ်ရှာပေးနိုင်ပါတယ်”။

“ဟာ . . . တိုက်ဆိုင်လိုက်တာ” ထိုသူက ပြုံးလိုက်သည်။ “တစ်ဒေါ်လာနဲ့ ဆယ့်တစ်ဆင့်၊ မင်းမောင်လေးရဲ့ ထူးဆန်းအံ့သြစရာကောင်းတဲ့အဖြစ်အတွက် လိုတဲ့ငွေ အတိအကျဘဲ”. . .သူက လက်တစ်ဖက်ဖြင့် ငွေကို ယူလိုက်ပြီး ကျန်လက်တစ်ဖက် ဖြင့် သူမ၏ လက်အိတ်စွပ်ထားသော လက်ကလေးကို ဖမ်းဆုပ်လိုက်ရင်း “ ကဲ. . .မင်းနေတဲ့ဆီ ငါ့ကိုခေါ်သွား၊ ငါမင်းရဲ့မောင်လေးနဲ့ မိဘတွေကို တွေ့ချင်တယ်၊ မင်းလိုချင်တဲ့ ထူးဆန်းအံ့သြစရာကောင်းတဲ့အဖြစ် ငါ့မှာ ရှိမရှိ ကြည့်ရအောင်” ဟု ပြောလိုက်သည်။

ထိုသားနားစွာ ဝတ်ဆင်ထားသူမှာ အာရုံကြောဆိုင်ရာ အထူးခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာ ကာ(လ)တန်အမ်းစထ ရောင်းပင်ဖြစ်သည်။ ခွဲစိတ်မှုက အကုန်အကျ မရှိဘဲ ပြီးမြောက်ခဲ့သလို များမကြာမီ ‘အင်ဒရူး’က အိမ်ပြန်ရောက်ရှိလာကာ အေးအေးဆေးဆေး ရှိနေခဲ့ပြီဖြစ်သည်။

ဖေဖေနှင့်မေမေကလည်း ဤအခြေအနေသို့ ပို့ဆောင်ခဲ့သော အဖြစ်အပျက်များ တစ်ခုပြီးတစ်ခု ဖြစ်ပျက်ခဲ့ရပုံကို ပျော်ရွှင်ကြည်နှူးစွာဖြင့် ပြောနေခဲ့သည်။

“အဲဒီ ခွဲစိတ်ကုသမှုဟာ ”. . . မေမေက တိုးညှင်းစွာ ပြောလာခဲ့သည်။

“ထူးဆန်းအံ့သြစရာကောင်းတဲ့ အဖြစ်ပါဘဲ၊ အဲဒါ ဘယ်လောက်ကုန်ကျခဲ့မလဲဆိုတာကို ငါစဉ်းစားနေမိတယ်. . .”

တက်(စ)က ပြုံးမိသည်။ ထူးဆန်းအံ့သြစရာကောင်းသော အဖြစ်အပျက်တစ်ခုက မည်မျှ ကုန်ကျကြောင်းကို သူမ အတိအကျ သိနေပါသည်။ တစ်ဒေါ်လာနှင့် ဆယ့်တစ်ဆင့် . . .ထို့ပြင် ကလေးငယ်တစ်ဦး၏ ယုံကြည်ခြင်း

စာရေးသူအမည်မသိ